myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

July 3, 2019 Volume 21, Number 3

| ၃.၇.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၀၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄/ကျပ် |
| CBM Rate | = ၁၅၁၀.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၀.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၉.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## တောင်ကြီးမြို့တွင် မြန်မာ-တရုတ် ကုန်ပစ္စည်းမိတ်ဆက်ပြပွဲကျင်းပ

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန ခန်းမတွင် မြန်မာ-တရုတ် ကုန်ပစ္စည်းမိတ်ဆက်ပြသပွဲကို ဇူလိုင် ၂ ရက်က စတင်ခင်းကျင်းပြသနေသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့ရန်နှင့် ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ အပြန်အလှန်တိုးပွားစေရန်၊ အရည်အသွေးပြည့်မီသောတရုတ်နိုင်ငံထုတ်ကုန် ပစ္စည်းများ မြန်မာ့ဈေးကွက်သို့ မိတ်ဆက်ပေးရန်နှင့် ရှမ်းပြည်နယ်ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ပြန်လည်မိတ်ဆက်ပေးရန် ယင်းပြပွဲကျင်းပခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံကပြောသည်။ ပြပွဲကျင်းပခြင်းဖြင့် ရှမ်းပြည်နယ်ရဲ့ သဘာဝအလှတရားတွေကို ပြည်ပနိုင်ငံသားတွေ ပိုမိုသိရှိလာပြီးတော့ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုးတိုးတက်လာမှာဖြစ်ပြီး ကဏ္ဍပေါင်းစုံ အလုပ်အကိုင်အခွင့်အလမ်း အကျိုးကျေးဇူးတွေရရှိကာ လုပ်ငန်းရှင်အချင်းချင်း ဈေးကွက်ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်တယ်ဟု ဦးစိုင်းရဲန်တစ်လုံကပြောသည်။

ယင်းမိတ်ဆက်ရောင်းချပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနကဦးဆောင်ကာ တရုတ်နိုင်ငံမှ ကွင်းမင်၊ ကွင်းမန်၊ မဲခေါင်စီးပွားရေးလုပ်ငန်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီကထုတ်ပြန်သည်။ အဆိုပါပြပွဲတွင် တရုတ်နိုင်ငံမှ လုပ်ငန်းရှင် ၂၅ ဦးနှင့် ရှမ်းပြည်နယ်ဒေသရှိ လုပ်ငန်းရှင်ခုနစ်ဦးတို့က ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသည်။ ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်း၊ လက်မှုထုတ်ကုန်၊ အဝတ်အထည်၊ အစားအသောက်နှင့် အဆင့်မြင့်ရိုးရာထွက်ကုန်များပြသထားပြီး ဆိုင်ခန်း ၂၀၀ ကျော်ပါရှိသည်။ ပြပွဲကို ဇူလိုင် ၂ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/160078

## အေးခဲထန်းသီးဆန် တရုတ်ကိုပို့ဖို့ ထန်းသီးဆန်ရောင်းကြပါဗျို့



ထန်းသီးပေါ်ချိန် ဖြစ်ပေမဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်ဖို့ ဝယ်ယူရာမှာ ထန်းတောင်သူတွေဘက်က ရောင်းချဖို့ စိတ်ဝင်စားမှု နည်းပါးနေတယ်လို့ သိရပါတယ်။

မြင်းခြံနယ်တစ်ဝိုက်မှာဆိုရင် ထန်းသီးအရောင်းအဝယ် အလေ့အထမရှိသေးတာကြောင့် ထန်းသီးဆန်ဝယ်ယူတဲ့

ကိုယ်စားလှယ်တွေက လိုက်လံပြီးတော့ စည်းရုံးရေးဆင်း ပြောဆိုနေရတယ်လို့ သိရပါတယ်။ ထန်းသီးဆန် ဝယ်ယူ ရာမှာ အကြည်ရောင်ပေါက်အောင် အခွံခွာထားတဲ့အဆန်ကို ဝယ်ယူတာဖြစ်ပါတယ်။ ထန်းတောင်သူတွေ အနေနဲ့ အဆန်မပျက်ထန်းသီးကိုခွဲပေးရတာဖြစ်ပြီး တစ်ဆန်ကို ၂၀ ကျပ်နဲ့ ရောင်းချရပါတယ်။ GM (Green Momentum Co.,Ltd ကုမ္ပဏီရဲ့ အဝယ်တော် ကိုအေးမင်းထွန်းက ကျွန်တော်တို့ ထန်းသီး ဆန်ပေါ်ချိန်မှာရောင်းကြဖို့ တစ်နှစ်ပတ်လုံး စည်းရုံးရေး လိုက်ဆင်းပါတယ်၊ ဒါတောင်မှ တောင်သူက နားမလည်ဘူး၊ ထန်းပင်တစ်ပင်ကို အလုံး ၂၀၀ လောက် ပျမ်းမျှရပါတယ်၊ ဒီအပင်ကို ချိုင်ချမယ်၊ အောက်က မိသားစုတွေ ခွဲစိတ်ရောင်းမယ်ဆိုရင် ထန်းမတစ်ပင်က ပျမ်းမျှသောင်းဂဏန်းရတယ်၊ ဒါကိုရောင်းမယ့်သူက နည်းနေသေး တယ်၊ ထန်းသီးဆန်ကို ခွဲမရောင်းချင်ကြတဲ့သူတွေ အများကြီးပဲ၊ မကိုက်ဘူးပြောကြတာနဲ့ ရိုးသားတဲ့ ထန်းသမားတွေက နားယောင်ပြီး ပါသွားတတ်ကြတယ်လို့ ပြောပါတယ်။ ထန်းပင်တွေကို မခုတ်လှဲကြဖို့နဲ့ တန်ဖိုးရှိတဲ့ဈေးကွက်တစ်ခု ဖောက်ပေးမယ်ဆိုတာကို ဝိုင်းဝန်းကြိုးစားနေကြ ရတယ်လို့ဆိုပါတယ်။ ဒီနှစ်ကတော့ ထန်းသီးဆန်ကောင်းကောင်းမွန်မွန် စပြီးတော့ ဝယ်တဲ့နှစ်ဖြစ်ပါတယ်။ တောင်သူ တွေကို ရှင်းပြဖို့တော့ အချိန်တော်တော်များများ လိုသေးတယ်လို့ဆိုပါတယ်။ ထန်းသီးဆန်ဝယ်ယူတဲ့လုပ်ငန်းဟာ လုပ်ငန်း အသစ်ဖြစ်နေတဲ့အတွက် တော်တော်ကို ရုန်းကန်နေရတဲ့ အခြေအနေဖြစ်နေတယ်လို့ သိရပါတယ်။ အခုအခါမှာ ထန်းလုပ်ကိုင်တဲ့သူ နည်းပါးလာတဲ့အတွက် ထန်းလုပ်ငန်းလုပ်သူ ဘယ်လောက် ကျန်တယ်ဆိုတာ တောင် မခန့်မှန်း နိုင်တော့ဘူးလို့ဆိုပါတယ်။ ထန်းတောင်သူ ဦးအောင်ဂျမ်းက ထန်းသီးဆန်က ဒုက္ခများလို့ မရောင်း ဖြစ်တာ၊ သတ်သတ် အချိန်မပေးနိုင်ဘူး၊ အဓိက ကိုယ်ကထန်းသမားဆိုတော့ ထန်းတက်ရတာ မအားဘူး၊ ထန်းပင်ပေါ် တက်လိုက်ဆင်းလိုက်နဲ့ ဆိုတော့ မရောင်းဖြစ်ဘူးလို့ပြောပါတယ်။

GM ကုမ္ပဏီက မြို့နယ်ရှစ်မြို့နယ်မှာ ထန်းသီးဆန်တွေဝယ်ယူနေတာပါ။ အဆန်ထုတ်ဖို့ သက်သက်သာခုတ်ပြီး ရောင်းချသူမရှိသေးဘဲဖြစ်နေတယ်လို့ သိရပါတယ်။ ဒီနှစ်အတွက် မကွေးတိုင်းဒေသကြီးရဲ့ ထန်းလျက် အများဆုံးထွက်ရှိတဲ့ ရေစကြိုမြို့နယ်အတွင်းကတော့ အဆန်ရေ တစ်သိန်းခွဲလောက် ဝယ်ယူရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

ထန်းတောင်သူ မစိန်ရွှေက ကျွန်မတို့က ထန်းလျက်ချက်ရသေးတာဆိုတော့ ထန်းကောက်လိုက်၊ ထန်းချလိုက်၊ ထန်းဖုတ်လိုက်နဲ့ နွားလေးကလဲ မွေးထားသေးတာဆိုတော့ အလုပ်က တစ်နေကုန် အချိန်ကပြည့်သွားတာပေါ့၊ ထန်းသီးဆန်ဘက်ကို မလုပ်ဖြစ်ဘူးပေါ့လို့ပြောပါတယ်။ ထန်းတောင်သူတွေအနေနဲ့ ထန်းသီးလုံးတွေကို အပင်ပေါ်မှာသာ ထားကြပြီး နွားစာရှားတဲ့အချိန်တွေမှသာ ထန်းသီးချိုင်ပြီးတော့ ထန်းသီးအဆန်ရဲ့ ဘေးက အသားတွေကိုလှီးထုတ်ပြီး နွားစာ ကျွေးကြတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-34097

## အိန္ဒိယနိုင်ငံသို့ တရားမဝင်၍ရွှေမှောင်ခိုတင်သွင်းရာတွင် မြန်မာနိုင်ငံသည် အဓိကကြားစခန်းတစ်ခု ဖြစ်ကြောင်း Times of India သတင်းဌာနကဖော်ပြခြင်း

Times of India သတင်းဌာနသည် ဆောင်းပါးရှင် Prabin Kalita ၏ "အိန္ဒိယနိုင်ငံသို့ တရားမဝင် ရွှေမှောင်ခို တင်သွင်းမှုများရှိနေရာ၌ မြန်မာနိုင်ငံသည် မည်ကဲ့သို့ အဓိကကြားခံစခန်းတစ်ခုဖြစ်လာကြောင်း" ရေးသားထားသည့် သတင်း ဆောင်းပါးတစ်ပုဒ်ကို ၎င်းတို့၏ အင်တာနက် စာမျက်နှာတွင် ၁.၇.၂၀၁၉ နေ့၌ ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းဆောင်းပါးတွင် လွန်ခဲ့သည့် ၅ နှစ်ကျော်ကာလ အိန္ဒိယနိုင်ငံ၏ အရှေ့ မြောက်ဒေသ၌ လက်နက်ကိုင် သောင်းကျန်းသူစခန်းများ ရှင်းလင်းသွားခဲ့သည့် နောက်ပိုင်းတွင် လက်နက်မှောင်ခိုရောင်းဝယ်သူများ၏ အဓိက လုပ်ငန်းမှာ ရွှေမှောင်ခိုတင်သွင်းမှုသို့ ပြောင်းလဲလာခဲ့ကြောင်း၊ အိန္ဒိယ-မြန်မာနယ်စပ်ရှိ တမူး-မိုရေးလမ်းကြောင်းမှ ရွှေမှောင်ခို တင်သွင်းခြင်းကို ကြီးမားစွာဆောင်ရွက်လာကြရာ မြန်မာနိုင်ငံရှိ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ တနင်္သာရီ တိုင်းဒေသကြီး ၄ ခုနှင့် ကချင်နှင့် ကရင်ပြည်နယ် ၂ ခုတို့မှ အလေးချိန် ၁၆၆ ဂရမ်ရှိသော ရွှေပြားများကို တရားမဝင် တင်သွင်းကြခြင်းဖြစ်ကြောင်း၊ ပထမစခန်းအဖြစ် အင်ဖာမြို့ (Imphal) သို့ ဝင်ရောက်လာသည့် ရွှေများအား Dimapur နှင့် Silchar မြို့များသို့ ကုန်းလမ်း အတိုင်းပို့ဆောင်ပြီး ထိုမှတစ်ဆင့် Kolkata သို့မဟုတ် New Delhi မြို့များသို့ ရထားလမ်းဖြင့်လည်းကောင်း လေကြောင်းခရီး ဖြင့် လည်းကောင်း သယ်ယူပို့ဆောင်ကြကြောင်း၊ ထို့နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ နေရာဒေသအနှံ့အပြားသို့ ရောက်ရှိ ကြောင်း၊ အခွန်ဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန (Directorate of Revenue Intelligence – DRI) သည် Kolkata, Mumbai, Chennai နှင့် Delhi စသည့် မြို့ကြီးများတွင် တရားမဝင်တင်သွင်းလာသည့် ရွှေအမြောက်အမြား ဖမ်းဆီးရမိလေ့ရှိပြီး ၎င်းတို့၏ အရည်အသွေး မှာ ၉၉.၇၆% အထိ သန့်စင်မှုရှိကြောင်း၊ ၂၀၁၇-၁၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ တရားမဝင် တင်သွင်းလာသည့် ရွှေပမာဏ ၃၂၂၃ ကီလိုဂရမ် တန်ဖိုးအားဖြင့် ရူပီးငွေ ၉၇၄၀ သန်း ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ DRI ၏ ဖော်ပြချက်အရ အဆိုပါပမာဏသည် နိုင်ငံအတွင်း တရားမဝင် တင်သွင်းသည့် ရွှေပမာဏစုစုပေါင်း၏ ၅% မှ ၁၀%

အတွင်းသာရှိကြောင်း၊ ဤသို့ ရွှေမှောင်ခိုတင် သွင်းမှုကို တွန်းအားပေးသည့် အဓိကအချက် သုံးရပ်ရှိရာ ပထမအချက်မှာ မြန်မာနိုင်ငံမှ ရွှေသည် တစ်ဂရမ်ပေါ်တွင် ရူပီးငွေ ၄၀၀ မှ ၅၀၀ အထိ လျော့နည်းပြီး ဈေးနှုန်းချိုသာခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အိန္ဒိယနိုင်ငံသည် ရွှေတင်သွင်းမှုအပေါ် အကောက်ခွန် ၁၀% နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် ၃% ကောက်ခံလျက်ရှိရာ ကြီးမြင့်သည့် အခွန်နှုန်းထားဖြစ်ကြောင်း၊ တတိယ အချက်သည် ရွှေကိုအတုံးအခဲလိုက်တင်ပို့မှုအား မြန်မာနိုင်ငံက ခွင့်ပြုထားခြင်းမရှိသည့်အချိန်တွင် အိန္ဒိယနိုင်ငံဈေးကွက်၌ ရွှေဝယ်လိုအားမြင့်မားလျက်ရှိခြင်းဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ များသို့ အိန္ဒိယနိုင်ငံမှ တင်ပို့သောရွှေများမှာ မြန်မာနိုင်ငံမှ တရားမဝင်တင်သွင်းလာသည်များကို ပြန်လည်တင်ပို့ခြင်းဖြစ်သည်ဟု သတင်းများကြားသိရကြောင်း၊ မြန်မာနိုင်ငံမှအိန္ဒိယနိုင်ငံသို့ တရားမဝင် ရွှေမှောင်ခို တင်သွင်းသည့် အဓိကလမ်းကြောင်း ၂ ခုရှိပြီး တမူး-မိုရေး လမ်းကြောင်းနှင့် ရိခေါဒါ-ဇိုခေါထာလမ်းကြောင်းတို့ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအတွင်း မိုရေး-အင်ဖာလမ်းအပိုင်း၌ ကီလိုမီတာ ၃၀ တိုင်းတွင် လုံခြုံမှုစစ်ဆေးရေးစခန်းများရှိနေသော်လည်း ၎င်းလမ်းပိုင်းမှ မှောင်ခိုတင်သွင်းမှုပိုမိုများပြားကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ၌ ရွှေမှောင်ခိုသယ်ယူပို့ဆောင်မှုကို ဒေသခံများက လုပ်ကိုင်ကြပြီး ပြည်တွင်း၌ ကုန်ကူးသူများမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်း Rajasthan ပြည်နယ်နှင့် အနီးပတ်ဝန်းကျင်မှ လာရောက်သူများဖြစ်ကြောင်း၊ မိုရေး၌ တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများမှာ မြန်မာစစ်တပ်မှ ရာထူးအဆင့်နိမ့်စစ်သည်များ၏ အကူအညီကိုရရှိလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဆောင်းပါးရှင် Prabin Kalita က ရွှေမှောင်ခိုတင်သွင်းမှုအပြင် ရွှေတြိဂံဒေသမှထွက်ရှိသည့် စိတ်ကြွမူးယစ်ဆေးဝါးများ၊ ဘိန်းဖြူများသည်လည်း နှစ်နိုင်ငံနယ်စပ်၌ မှောင်ခိုရောင်းဝယ်မှုများရှိနေကြောင်း၊ နယ်စပ်အနီး အိန္ဒိယနိုင်ငံဘက်ခြမ်း Joupi ဒေသတွင် ဘိန်းစိုက်ခင်းများရှိနေပြီး ထွက်ရှိသည့် ဘိန်းစိမ်းများကို မြန်မာနိုင်ငံဘက်ခြမ်းသို့ ပို့ဆောင်ရောင်းချမှုများရှိနေသည်ဟုကြားသိရကြောင်း၊ Look East သို့မဟုတ် Act East policy အရ အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသသည် အာဆီယံဒေသနိုင်ငံများနှင့် စီးပွားရေးဆက်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် အချက်အချာနေရာဖြစ်ရမည့်အစား တရားမဝင်မှောင်ခိုရောင်းဝယ်မှုများ ကြီးစိုးလျက်ရှိသည့် ဒေသအဖြစ်တည်ရှိနေကြောင်း ဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

**Source: How Myanmar is turning into major transit point to smuggle gold into India, 1 Jul 2019, Times of India**

## ထိုင်း - မြန်မာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု မကြာခင်စတင်မည်

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနက် ပထမဦးဆုံး နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအဖြစ် ထိုင်း ၊ မြန်မာ နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို လာမည့်ဇူလိုင်လကုန်တွင် စတင်မည်ဖြစ်ပါတယ်။ ထိုင်းနိုင်ငံသည် ယခု အစီအစဉ်ကို မြန်မာနှင့်စတင်ရန် လွန်ခဲ့သော တစ်နှစ်ကတည်းက ဆွေးနွေးခဲ့တာပါ။ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးက ကနဦးအကောင်အထည်ဖော်မှုဆိုင်ရာ နားလည်မှုစာလွှာ(Initial Implementation of a Cross-Border Transport Agreement (IICBTA MoU) ကို ယခုနှစ် မတ် ၁၃ ရက်တွင် ရေးထိုးခဲ့ပြီးနောက် တစ်လအကြာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားခဲ့ပါတယ်။

သို့သော် ပြီးခဲ့သည့်မေလက ဆွေးနွေးမှုအရ ထိုင်းနိုင်ငံတွင် International Cross Border Operator (ICBO) လိုင်စင်ထုတ်ပေးရေးနှင့် မော်တော်ယာဉ် ယာယီဝင်ခွင့်လက်မှတ်(Temporary Expedition Document) လုပ်ငန်းစဉ် နှစ်လကြာမြင့်မည်ဖြစ်သည့်အတွက် ဇူလိုင်လကုန်တွင် စတင်နိုင်မည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က မြန်မာတိုင်း(မ်)ကို ပြောပြချက်အရ သိရပါတယ်။ ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်မောင်းနှင်၍ ကုန်သွယ်မှုပြုလုပ်ရန် တစ်ဖက်လျှင် ကားစီးရေ ၁၀၀ စီကို တစ်နှစ်သက်တမ်းရှိ ယာယီဝင်ခွင့်လက်မှတ်ဖြင့် နှစ်ဖက်အစိုးရကထုတ်ပေးပြီး ရန်ကုန်(သီလဝါ) မြဝတီမှ မဲဆောက် ဘန်ကောက် (လန်ချန်ဘန်း) အထိ ပြေးဆွဲမည်ဖြစ်ပါတယ်။

နှစ်နိုင်ငံအစိုးရကInternational Cross Border Operator(ICBO) လိုင်စင်များကို Logistic ကုမ္ပဏီများကိုထုတ်ပေးရပြီး မြန်မာနိုင်ငံဘက်မှ ကနဦးအနေဖြင့် ကုန်တင်ကား ၆၁ စီးကို လိုင်စင်ထုတ်ပေးမည်ဖြစ်ပါတယ်။ လက်ရှိတွင် အစီး ၄၀ ကျော် လိုင်စင်ထုတ်ပေးပြီးပြီဖြစ်ပြီး ကျန်အစီးအရေအတွက် လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်နေခဲ့ကြပါတယ်။ နှစ်ဖက်သဘောတူညီချက်အရ အစီးရေ ၁၀၀ ပြေးဆွဲနိုင်သော်လည်း လျှောက်ထားလာမှု

နည်းပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို ယခုမှစိတ်ဝင်စား၍ လာရောက်လျှောက်ထားနေဆဲဖြစ်ကြောင်း ဝန်ကြီးဌာနမှ သိရသည်။ လက်ရှိတွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ခွင့်ရရှိမည့် ကုမ္ပဏီသုံးခုဖြစ်သောMK Transportation, Hercules Logistic ကုမ္ပဏီနှင့် Resource Group Logistic ကုမ္ပဏီ တို့ကို အစိုးရက တရားဝင်ကြေညာထားခဲ့ပါတယ်။

ထိုင်းနိုင်ငံနှင့် စတင်ညှိနှိုင်းစဉ်က မြန်မာဘက်မှ မြဝတီ ၊ မော်လမြိုင်လမ်းကြောင်းနှင့် မြဝတီ ၊ ရန်ကုန် (သီလဝါ) စသည့် လမ်းကြောင်းနှစ်ခု လျာထားခဲ့ပါတယ်။ ကုန်တင်ကုန်ချပြုလုပ်မည့်နေရာ၊ ယာဉ်ရပ်နားရာ နေရာများ နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနမှ မြဝတီ ၊ သီလဝါလမ်းကြောင်းကို စတင်ရန် သဘောထားမှတ်ချက်ပေးခဲ့သည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိခဲ့ရပါတယ်။ ထိုင်းနိုင်ငံမှ အကောက်ခွန်ရှင်းလင်းခြင်းကိစ္စရပ်ကို မဲဆောက်တွင်ပြုလုပ်မည်။ မြန်မာနိုင်ငံဘက်က အကောက်ခွန်ရှင်းလင်းခြင်းကို မြဝတီ ၊ မော်လမြိုင်လမ်းကြောင်းဖြစ်ပါက မြဝတီတွင် လုပ်ဆောင်မည်ဖြစ်ပြီး မြဝတီ ၊ ရန်ကုန်(သီလဝါ) ဖြစ်ပါက သီလဝါတွင် ဆောင်ရွက်မည်ဖြစ်ပြီး သူတို့နဲ့ကျွန်တော်တို့ဆွေးနွေးချက်အရ အကောက်ခွန်ရှင်းလင်းခြင်းကို မဲဆောက်မှာလုပ်မယ်။ မဲဆောက်လန်ချန်ဘန် လမ်းကြောင်းမှာ လန်ချန်ဘန်ထိလည်း သွားလို့ရတယ်။ ပြီးတော့ အဲဒီလမ်းကြောင်းမှာရှိတဲ့ ကုန်ပစ္စည်းကို အတင်၊ အချ နှစ်မျိုးစလုံးလုပ်လို့ရမယ့်ပုံစံမျိုးပြောထားတယ်ဟု ဦးဝင်းလှိုင်ကပြောပါတယ်။

နယ်စပ်ဖြတ်ကျော် ကားလမ်းကြောင်းအရ ထိုင်းနိုင်ငံမှ ကားများသည် မြဝတီနယ်စပ်ကိုဖြတ်၍ ရန်ကုန် သီလဝါအထူးစီးပွားရေးဇုန်အထိ သွားခွင့်ရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံမှကားများသည် ဘန်ကောက်မြို့ရှိ လန်ချန်ဘန်းဆိပ်ကမ်းအထိ သွားနိုင်မည်ဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်က နိုင်ငံတော်ဘက်ကလည်း နောက်ထပ်ဘာမှဖြေလျှော့မှုမပေးဘဲ သီလဝါ အထူးစီးပွားရေးဇုန် သွားတဲ့လမ်းအတိုင်းပဲ သွားရမယ်ဆိုရင်တော့ ဘာမှအကျိုးမထူးဘူး။ ကျွန်တော်တို့ဘက်ကလည်း ထိုင်းနိုင်ငံရဲ့ လန်ချန်ဘန်းမှာရှိတဲ့ အကောက်ခွန်ရုံးကလွဲပြီး ဘယ်မှမသွားရဘူးဆိုရင် အဆင်မပြေဘူးဟု မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးအောင်ခင်မြင့်ကပြောခဲ့ပါတယ်။

မြန်မာနိုင်ငံဘက်မှ ကုန်တင်ကားများသည် လန်ချန်ဘန်းရှိ ထိုင်းနိုင်ငံအကောက်ခွန်ဌာနထိသာ သွား၍ရမည်ဖြစ်ပြီး အဆိုပါနေရာတွင်ကုန်ချကာ ထိုင်းနိုင်ငံအတွင်း ဖြန့်ချိရေးလုပ်ငန်းများလုပ်ရမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့ပါတယ်။ ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ ကုန်တင်ကားများ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု ပြုလုပ်ရာတွင် အကောက်ခွန်ရှင်းလင်းရေး ပြုလုပ်ပြီးပါက ခွင့်ပြုထားရာလမ်းကြောင်းနှင့် ဆက်စပ်နေသော ဈေးကွက်နှင့် စက်မှုဇုန်များသို့ ၂ မိုင်မှ ၆ မိုင်အထိ သွားခွင့်ပြုထားကြောင်း သိရပါတယ်။ ဌာနပေါင်းစုံကစဉ်းစားပြီး အဖြေတစ်ခုမထွက်သေးရင် ထိုင်းနိုင်ငံက ကားတွေဝင်လာလည်း အကျိုးမရှိဘူး။ သီလဝါအထူးစီးပွားရေးဇုန်ထဲပဲ သွားလို့ရမယ်။ ကျွန်တော်တို့လည်း ထိုင်းနိုင်ငံ လန်ချန်ဘန်းကလွဲရင် သွားမရပေမဲ့ ထိုင်းနိုင်ငံဘက်ကတော့ ဖြေလျှော့ထားပြီးဖြစ်လို့သွားလို့ရအောင် လုပ်ယူလို့ရတယ်။ မြန်မာနိုင်ငံကသာလုပ်မရတာဟု Resource Group Logistic ကုမ္ပဏီ၏ပိုင်ရှင်လည်းဖြစ်သူ ဦးအောင်ခင်မြင့်က ပြောပြချက်အရသိခဲ့ရခြင်းဖြစ်ပါတယ်။

**Source : Myanmar time**

https://www.logisticsguide.com.mm/en/industry-news/export-import/2022-thai-myanmar-border-trade-will-begin-soon.html?fbclid=IwAR2Lg0EuBarrI_cxIB0rSdYEgFS68fuvztWVBYxrEkelC-duxzzE485sM9g

## တရုတ်သို့ နာနတ်သီးတင်ပို့ခွင့်ရရန် မူဆယ်သစ်သီးဂလံကုန်စည်ဒိုင်တောင်းဆိုမည်

တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့ခွင့်ရရှိရန် မူဆယ်သစ်သီးဂလံကုန်စည်ဒိုင်က အစိုးရနှင့်ပူးပေါင်းကာ တရုတ်ဘက်သို့ တောင်းဆိုရန်စီစဉ်နေကြောင်းသိရသည်။ မြန်မာနိုင်ငံမှ နာနတ်သီးတင်ပို့မှုကို တရုတ်နိုင်ငံက ပိတ်ပင်လိုက်သည့်အတွက် နာနတ်စိုက်တောင်သူများအထိနာနေသဖြင့် တောင်သူများက မူဆယ်သစ်သီးဂလံကုန်စည်ဒိုင်ကို အကူအညီတောင်းခံထားသည်။ ထို့ကြောင့် သစ်သီးဂလံကုန်စည်ဒိုင်က အရှေ့မြောက်တံခါးကုမ္ပဏီနှင့်ပူးပေါင်းပြီး တရုတ်နိုင်ငံကို တောင်းဆိုရန် စီစဉ်နေခြင်းဖြစ်သည်။ တရားဝင်တင်ပို့နိုင်သည့် သီးနှံရှစ်မျိုးတွင် နာနတ်သီးမပါဝင်ဟုဆိုကာ တရုတ်အကောက်ခွန်က ဖွန်လ ၁၅ ရက်နေ့တွင် စတင်ပိတ်ခဲ့ခြင်းဖြစ်သည်။ နာနတ်သီးကို တရုတ်သို့ နှစ်စဉ်တန်ချိန်အနည်းငယ်ခန့် တင်ပို့နေခြင်းဖြစ်ပြီး ယခုနှစ်တွင် တင်ပို့မှုများလာကာ တစ်ရက်လျှင် တန် ၁၀၀ ခန့်ရှိလာချိန်တွင် ပိတ်ပင်ခံလိုက်ရခြင်းဖြစ်သည်။

မူဆယ်သစ်သီးဂလံကုန်စည်ဒိုင်က တောင်းဆို၍ တရုတ်ဘက်က နာနတ်သီးတင်ပို့ခွင့်ပြုခဲ့လျှင်နာနတ်သီးများကို မူဆယ် ၁၀၅ မိုင်ကုန်စည်ဒိုင်မှ တစ်ဆင့်သာတင်ပို့ရန် တောင်သူများကို ကုန်စည်ဒိုင်ကညှိနှိုင်းထားသည်။ တောင်သူများ အနေဖြင့်လည်း နာနတ်သီးတင်ပို့ခွင့်ရရန် လိုအပ်နေသည့်အတွက် တင်ပို့ခွင့်ရပါက ၁၀၅ မိုင်ရှိ အရှေ့မြောက်တံခါး

ကုမ္ပဏီမှတစ်ဆင့်ပို့မည်ဟု သဘောတူထားသည်။ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ ရောင်းချနေသည့် နာနတ်သီး ရောင်းချမှုကို မူဆယ် ၁၀၅ မိုင်သစ်သီးရောင်းကွင်းမှ တစ်ဆင့်ရောင်းချရန် နာနတ်တောင်သူများ သဘောတူခဲ့ကြောင်း မူဆယ် သစ်သီးဂလံ ကုန်စည်ဒိုင်က ဖွန်လ ၂၂ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခင်ကနာနတ်သီးကို တရုတ်ဂယ် လက်များက စိုက်ခင်းထိ ဆင်းဂယ်ယူမှုများရှိသလို တရုတ်နိုင်ငံ၊ ဂမ်တိန်ကွင်းသို့ တရုတ်အေးဂျင့်မှတစ်ဆင့် တိုက်ရိုက်သွား ရောက်ရောင်းချနေခြင်းဖြစ်သည်။ နာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် တောင်သူအစုအဖွဲ့က ဖွန်လ ၂၁ ရက်နေ့တွင် ၁၀၅ မိုင် သစ်သီးကုန်စည်ဒိုင်သို့ ဖရဲ၊သခွားသီးများကဲ့သို့ တင်ပို့ရောင်းချလိုကြောင်း အကူအညီ တောင်းခံမှုကြောင့် အသီးရောင်းကွင်း စည်းကမ်းများအတိုင်းတင်ပို့ရောင်းချရန် ကူညီပေးခြင်းဖြစ်ကြောင်း ဦးစိုင်းမြင့်ဖိုလ်က ပြောသည်။

အသီးရောင်းမှုပုံစံကတော့ တောင်သူစိတ်ကြိုက်ရောင်းလို့ရပါတယ်။ ပွဲရုံက တစ်ဆင့်ရောင်းရောင်း၊ တရုတ် ဂယ်လက်ကို တိုက်ရိုက်ရောင်းချင်လည်းရောင်း ကန့်သတ်မထားပါဘူး။ တရုတ်အစိုးရဌာနက ပိတ်တာဖြစ်တော့ နှစ်နိုင်ငံ အစိုးရဌာနတွေကပဲ ဆွေးနွေးနေပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အမြန်ပြန်လည်တင်ပို့နိုင်ရေး ဆွေးနွေးနေ ပါတယ်။ အမြန်ဆုံးပြန်လည်တင်ပို့ခွင့်ရရင်တော့ အရှေ့မြောက်တံခါး အသီးရောင်းကွင်းကနေ ဖရဲ၊ သခွားအသီး ရောင်းသလိုရောင်းပြီး အသီးကိုဂမ်တိန်ကွင်းမှာသွားချမှာပါဟု ၎င်းကပြောသည်။ နာနတ်သီးလှိုင်လှိုင်ပေါ်သည့် ဖွန်လတွင် တရုတ်က ပိတ်လိုက်သည့်အတွက် နာနတ်စိုက်ပျိုးသည့်တောင်သူများ များစွာ အခက်အခဲဖြစ်ပေါ်လာသဖြင့် အရှေ့မြောက် တံခါး အသီးရောင်းကွင်းကတစ်ဆင့်ရောင်းချရန် တောင်သူများသဘောတူခဲ့ခြင်းဖြစ်ကြောင်း သီပေါမြို့မှ နာနတ်သီး စိုက်ပျိုးတင်ပို့သူ ကိုမျိုးကပြောသည်။ အရင်တုန်းက အသီးကားကနည်းတယ်။ တစ်စီးစ၊ နှစ်စီးစပဲသွားရောင်းတာ။ အခုတော့ ကားစီးရေကများလာတယ်။ တစ်ရက်ကို ကားအစီး ၁၀၀ ကျော်ဖြစ်လာတော့ အခုလိုပိတ်သွားတာပါ။ အသီးရောင်းကွင်းကတစ်ဆင့် ရောင်းတာကပိုအဆင်ပြေပါတယ်။ ဂမ်တိန်ထဲတိုက်ရိုက်ရောင်းတာက ဈေးနှိမ်ခံရတယ်။ အသီးဂယ်လိုအားရှိပေမယ့် ဈေးနှိမ်ဂယ်တာခံရတယ်။ တရုတ်ဂယ်လက်နဲ့ တိုက်ရိုက်ရောင်းလို့ရမယ်။ ပွဲရုံကတစ်ဆင့် ရောင်းလို့ရမယ်။ တရားမဝင်တော့ တရုတ်ရဲ အဖမ်းခံရနိုင်တယ်။ အရှေ့မြောက်တံခါး အသီးရောင်းကွင်းကနေ မရောင်းရင် ကျွန်တော်တို့ နာနတ်သီးရောင်းခွင့်ကရမှာမဟုတ်ဘူး။ ဒီအတိုင်းဆိုရင်တော့ အကျိုးဆောင်ပေးမှာမဟုတ်ဘူး။ ကွင်းကြေး၊ အလုပ်သမားကြေးတော့ ပေးရမှာပေါ့။ ပွဲရုံတွေနဲ့ ပွဲခတွေတော့ မသတ်မှတ်သေးပါဘူးဟု၎င်းကပြောသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/327307488217536?__tn__=K-R

## နွားမွေးမြူရေးကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပထမဆုံးအကြိမ်ဝင်ရောက်



နွားမွေးမြူရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ (၃၇) သန်းကျော် ရင်းနှီးမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ပထမဆုံးအကြိမ် အဖြစ် မန္တလေးတိုင်းဒေသကြီးတွင်ခွင့်ပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင် လွင်ကပြောသည်။ မွေးမြူရေးမှာ နောက်ထပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံ မှုတွေ ရောက်လာမယ်လို့သိရပါတယ်။ အခုခွင့်ပြုတာက ပထမဆုံး လာရောက်ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းဖြစ်ပါတယ်ဟု ဦးသန့်စင်လွင်ကဆို သည်။

တရုတ်နိုင်ငံသို့ မွေးမြူရေးနွားများ တင်ပို့ရန်အတွက် ပထမဆုံး အကြိမ်အဖြစ် ဝင်ရောက်လာခဲ့ကာ အဆိုပါလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ (၃၇.၃၃၃) သန်း ရှိကြောင်းသိရသည်။ တရုတ်နိုင်ငံမှ Kangrui (Myanmar) Agriculture True & Livestock Development Co.,ltd ကုမ္ပဏီက မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ညောင်အုပ်ကျေးရွာအုပ်စုရှိ မြင်းသေ တောင်ရိုးအရှေ့ဘက်ကွင်းတွင် ဆောင်ရွက်မည်ဖြစ်ပြီး အခြားသောမွေးမြူရေးကဏ္ဍမှလည်း လာရောက်ရင်းနှီး မြှုပ်နှံဖွယ် ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020510

## ကမ္ဘာ့ဆန်ရောင်းအားကြောင့် ဒုတိယနှစ်ဝက်၌ ဗီယက်နမ်ဆန်တင်ပို့ရေး ဆက်လက်ရှန်းကန်ရမည်

ကမ္ဘာတွင် ဆန်ရောင်းအားများနေခြင်းနှင့် ဆန်အဓိကတင်ပို့ရာနိုင်ငံများ ကုန်လက်ကျန်များနေခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံသည် ယခုဒုတိယနှစ်ဝက်တွင်လည်း ဆန်တင်ပို့ရေးရုန်းကန်ရနိုင်ကြောင်း ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းစီးတီးမြို့၌ တနင်္လာနေ့တွင်ကျင်းပခဲ့သည့် ဆန်လုပ်ငန်းညီလာခံ တက်ရောက်ဟောပြောသူများကပြောသည်။ ဗီယက်နမ်ဆန်အဓိကဝယ်ယူနေသော ဈေးကွက်များ၏ ဝယ်လိုအားကျဆင်းမှုကြောင့် ဗီယက်နမ်ဆန်ပို့ကုန်လုပ်ငန်းမှာ ပထမနှစ်ဝက်တွင်လည်း စိန်ခေါ်မှုများရင်ဆိုင်ခဲ့ရသည်ဟု စက်မှုလုပ်ငန်းနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Tran Quoc Khanh ကပြောသည်။ ဖိလစ်ပိုင်မှလွဲ၍ အခြားပုံမှန်ဝယ်လက်ဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်တို့အားလုံးမှာ ပထမနှစ်ဝက်တွင် ဗီယက်နမ်ဆန်ပမာဏများစွာ လျှော့ချဝယ်ယူခဲ့ကြသည်။ တရုတ်တွင် ဆန်လက်ကျန်များနေခြင်း၊ အင်ဒိုနီးရှား၌ ရွေးကောက်ပွဲရှိနေခြင်းနှင့်ဘင်္ဂလားဒေ့ရှ်မှာ ရေကြီးမှုဘေးမှ ပြန်လည်နာလန်ထူလာခြင်းတို့ကြောင့် ဒုတိယနှစ်ဝက်တွင်လည်းလက်ရှိအခြေအနေအတိုင်းဆက်ရှိနိုင်သည်ဟု Khanh ကပြောသည်။ ၎င်းဈေးကွက်များ၏ ဆန်အဝယ်လျော့ကျမှုသည် ဆန်ဦးဆောင်တင်ပို့နေသည့်အခြားနိုင်ငံများဖြစ်သော အိန္ဒိယနှင့်ထိုင်းတို့ကိုလည်း ထိခိုက်စေခဲ့သဗီယက်နမ်သည် ပထမငါးလအတွင်း တရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် ဈေးကွက်သုံးခုပေါင်း ဆန် တန် ၂၃၉၀၀၀ သာ တင်ပို့ခဲ့ရာ ယခင်နှစ် အလားတူကာလ၏ တင်ပို့မှုတန်ချိန် ၁ ဒသမ ၄၄ သန်းထက် များစွာနိမ့်ကျခဲ့ကြောင်း စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်၊ ပို့ကုန်သွင်းကုန်ဦးစီးဌာနက ထုတ်ပြန်သည်။ ဆန်တင်သွင်းသော နိုင်ငံများစွာသည် ဆန်တင်သွင်းမှုအပေါ် အခွန်မြှင့်တင်ခဲ့ကြသည့်အပြင် ဆန်ကောင်းကောင်းကို သင့်တင့်သည့်ဈေးဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရ၏ဆန်တင်ဒါများတွင် အခြားရောင်းလက်နိုင်ငံများကိုပါ ပါဝင်ခွင့်ပြုလာကြသည်။


လက်ရှိတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်စသောနိုင်ငံများကလည်း ဆန်တင်ပို့မှုမြှင့်တင်နိုင်ရေး ကြိုးပမ်းနေကြသည်။ ထို့ပြင် တရုတ်နိုင်ငံမှာ ဆန်တင်သွင်းမှု အများဆုံးဖြစ်သည့်တိုင် ၎င်းကိုယ်တိုင်က ဆန်တင်ပို့မှုထိပ်သီးနိုင်ငံများတွင် ပါဝင်နေသည်။ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ပဈေးကွက်ဆိုင်ရာ မူဝါဒများ ပြင်ဆင်မှုအပါအဝင် ဆန်ပို့ကုန် လုပ်ငန်းမြှင့်တင်မှု အစီအမံများ ဖော်ဆောင်ရန် ဗီ ယက်နမ်စားနပ်ရိက္ခာအဖွဲ့စသော အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ဒုဝန်ကြီး Khanh ကပြောသည်။ ဝန်ကြီးဌာနသည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူ စာချုပ်များ ညှိနှိုင်းဆွေးနွေးမှုအပြင် အခွန်လျှော့ချရေးနှင့် ကုန်သွယ်မှု အဟန့်အတား ဖယ်ရှားရေး တို့ကို ပြည်ပမိတ်ဖက်နိုင်ငံများနှင့်ဆွေးနွေးခဲ့သည်ဟု ၎င်းကပြောသည်။

ထို့ပြင် ထုတ်ကုန်၏သန့်ရှင်းမှု၊ ဘေးကင်းမှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဇာစ်မြစ်ခြေရာခံနိုင်မှုတို့နှင့်စပ်လျဉ်း၍ ပြည်တွင်းလုပ်ငန်းနှင့်အဖွဲ့အစည်းများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို မွမ်းမံခဲ့သည်ဟု ၎င်းကပြောသည်။ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်၊ ပြင်သစ်၊ နယ်သာလန်၊ ဂါနာ၊ အိုင်ဗရီကို့စ်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပြုလုပ်သောကုန်သွယ်ရေး ပြပွဲများအပါအဝင် ကုန်သွယ်ရေးမြှင့်တင်မှုနှင့် ကုန်အမှတ်တံဆိပ်ထူထောင်မှုဆိုင်ရာ အစီအစဉ်များစွာပြုလုပ်ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။ ဗီယက်နမ်ပို့ကုန်လုပ်ငန်းများ အနေဖြင့် ဈေးကွက်အချို့အပေါ်တွင်သာ မှီခိုနေခြင်းမပြုဘဲ ပို့ကုန်နှင့်သွင်းကုန်ဈေးကွက်များချဲ့ထွင်သင့်ကြောင်း ပညာရှင်များက အကြံပြုခဲ့သည်။

ဗီယက်နမ်သည် ယခုနှစ် ပထမငါးလအတွင်းဆန်တန်ချိန် ၂ ဒသမ ၇၆ သန်းတင်ပို့ခဲ့ရာ ယခင်နှစ်အလားတူကာလထက် ၆ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ဗီယက်နမ်သည် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ ကျူးဘား၊ ဟောင်ကောင်၊စင်ကာပူ၊ အီရတ်၊ အိုင်ဗရီကို့စ်၊ ဂါနာနှင့် မိုဇမ်ဘစ်တို့ အပါအဝင် နိုင်ငံနှင့် နယ်မြေဒေသပေါင်း ၁၅၀ သို့ ဆန်တင်ပို့လျက်ရှိသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/327267161554902?__tn__=K-R

## အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲပြန်လည်စတင်မည့်ဂယက်ကြောင့် ကမ္ဘာ့ရွှေစျေးနှုန်းမှာ ၁.၈ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့




ဂျပန်နိုင်ငံ၌ကျင်းပခဲ့သည့် စက်မှုထိပ်သီးနိုင်ငံ (၂၀) အစည်းအဝေး ကာလအတွင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ပင်တို့သည် ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး နောက် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို ပြန်လည်ပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း၊ ဆွေးနွေးပွဲအပြီးတွင် အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က တရုတ်သွင်းကုန်များအပေါ် အခွန်များထပ်မံကောက်ခံရန် စီစဉ်ထားမှုကို ခေတ္တဆိုင်းငံ့ခဲ့ပြီး ဟွာဝေးကုမ္ပဏီနှင့်ပတ်သက်၍လည်း အမေရိကန်ကုမ္ပဏီများအနေဖြင့် ဟွာဝေးသို့ ပုံမှန်ရောင်းချနေသည့် ပစ္စည်းများအား ရောင်းချရန်ခွင့်ပြုပေးခဲ့ကြောင်း၊ သမ္မတနှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ကမ္ဘာ့စီးပွားရေးအပေါ် အကောင်းမြင်မှုများကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လာကာ ကမ္ဘာ့ရွှေစျေးနှုန်းမှာ အဆမတန်ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၁)ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကမ္ဘာ့ရွှေစျေးနှုန်းမှာ ၁.၈% ကျဆင်းခဲ့ပြီး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၃၈၄.၀၆) သို့ရောက်ရှိခဲ့ကြောင်း၊ အဆိုပါစျေးနှုန်းသည် ရက်သတ္တပတ် (၁) ပတ်အတွင်း အနိမ့်ဆုံးစျေးနှုန်းဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးမှာမူ ၀.၁% မြင့်တက်ခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

**Source :** https://www.facebook.com/myanmaeconomic/

## ပြည်ပပို့မယ့်လယ်ယာထွက်ကုန် အရည်အသွေးစစ်ဆေးဖို့ ဓာတ်ခွဲခန်းလိုအပ်

မြန်မာ့လယ်ယာထွက်ကုန်တွေ ပြည်ပတင်ပို့ရာမှာ တစ်ဖက်နိုင်ငံ ရဲ့ အရည်အသွေးသတ်မှတ်ချက်အတိုင်း စစ်ဆေးအတည်ပြုချက်တွေထုတ်ပေးနိုင်ဖို့ ဓာတ်ခွဲခန်းတွေ လိုအပ်လျက်ရှိတယ်လို့သိရပါတယ်။ ဇွန်လ ၂၉ ရက်နေ့ က ကုန်သည်စက်မှုအသင်းချုပ်မှာပြုလုပ်တဲ့ အစိုးရနဲ့ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မြန်မာနိုင်ငံမှ တင်ပို့ရောင်းချတဲ့ လယ်ယာသီးနှံတွေရဲ့ အရည်အသွေးကို ဝယ်ယူမယ့်နိုင်ငံရဲ့ သတ်မှတ်ချက်တွေအတိုင်း စစ်ဆေးအတည်ပြုချက်ထုတ်ပေးရတဲ့ ဓာတ်ခွဲခန်းတွေလိုအပ်နေကြောင်းနဲ့ ဓာတ်ခွဲခန်းအသစ်တွေလည်း လိုအပ်လျက်ရှိကြောင်း တင်ပြသွားတာဖြစ်ပါတယ်။ အခုဆိုရင် အင်ဒိုနီးရှား နိုင်ငံကို ဆန် စပါးနဲ့ပဲမျိုးစုံ တင်ပို့ရောင်းချနိုင်ဖို့ ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်းတွေနဲ့ ဆက်သွယ်ပေးပို့ ဆောင်ရွက်နေရတာကြောင့် အချိန်ကြန့်ကြာတာ၊ ကုန်ကျစရိတ်များတာတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရတယ်လို့လည်း ဦးရဲမင်းအောင်က ရှင်းလင်းတင်ပြသွားပါတယ်။

ဒီအတွက်နိုင်ငံတော်အစိုးရအနေနဲ့ SGS,OMIC စတဲ့ နိုင်ငံတကာဓာတ်ခွဲခန်းတွေ ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ဖို့အတွက် အထူးအားပေးကူညီဆောင်ရွက်ဖို့နဲ့နိုင်ငံတော်အစိုးရ လက်အောက်ရှိ လယ်ယာသီးနှံဆိုင်ရာ ဓာတ်ခွဲခန်းတွေကိုလည်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာမှာ ပုဂ္ဂလိက အစိုးရ ပူးပေါင်းဆောင်ရွက်မှု ပုံစံ (PPP) ဖြင့် အမြန်ဆုံးဆောင်ရွက်ဖို့လိုတယ်လို့ သိရပါတယ်။ဒါ့အပြင် စံချိန်စံညွှန်းကိစ္စတွေ၊ အရည်အသွေးကိစ္စတွေနဲ့ ဓာတ်ခွဲခန်းကိစ္စတွေဟာ လယ်ယာထွက်ကုန် ပြည်ပတင်ပို့ မှုလုပ်ငန်းများအတွက် အလွန်အရေးကြီးတာကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့လည်း အထူးဦးစားပေးကူညီဆောင်ရွက်ကြဖို့ ဦးရဲမင်းအောင်က တိုက် တွန်းပြောဆိုသွားပါတယ်။

**Source :** https://www.kumudranews.com/news-34145?fbclid=IwAR38d404ycum6p_WxA1cFzNwe9pcu-gz VuSlm CltkNeZwUBXqw5xKd5153Q

# STOCK EXCHANGE (3.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 3rd Jul. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 67 | 737,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 7,591 | 25,429,900 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 30 | 234,000 | 10,400,986 | 81,128 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 23,500 | 23,500 | 69 | 1,621,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 454 | 1,298,650 | 12,212,906 | 34,807 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.87 | +0.52 | +0.12% | 442.35 | 442.87 | 441.89 | 8,211 | 29,321,050 | 5 | 604,627 |

### Index chart




## Market Overview

As of 11:00 am, 3rd Jul. 2019

| MYANPIX | 442.35 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,095 |
| Total Value (MMK) | 11 mil |
| Listed Company | 5 |
| Market Cap. (MMK) | 603,917 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |